
တေဇ
ရုပ်စုံ

တီထွင်ပါရဂူ


# ဖိုးသိုးကြီး


ဆရာ ဦးပညာမှာထားတဲ့ ဂဏန်းပေါင်းစက်ကို သွားပို့တာလေ
ကဲ.. မင်းစက်ရဲ့အစွမ်းကို လက်တွေ့ကြည့်ရအောင်
အသင့်ပါ ဆရာ
ဟောဒီ ညာဘက် ခလုတ်လေးကို အသာနှိပ်
ဟော. ဆယ်စက္ကန့် အတွင်း ဂဏန်းပေါင်း ထွက်လာပါဘီဗျ.
တစ်. နှစ်. သုံး ဂဏန်းလေး ပေါင်းတဲ့စက်လုပ်ခိုင်းတာဟ ငါ့ကို နောက်တာ ပေါ့လေ..

# မဟောသဓ ၅

ဇာတ်တော်ကြီး


ပန်းချီ - ဦးဘကြည်




ဘုရင်ကြီး၏ အမိန့်အရ ထန်းပင်ထက်သို့ တက်ယူစေရာ ပဏ္ဍုမြားကောင်းတလုံးကိုရသဖြင့်
သားတော် မပေါ်အား ချီးကျူးစဉ် အရပ်သူ အရပ်သား များက သိန်း အမတ် ကို မှတ် ချ ကြ ကုန် ၏။
သားတော် - တော်ပါပေတယ် - ကောင်းလိုက်တဲ့ ပဏ္ဍုမြား -
တခါသော် ဘုရင်ကြီးသည် တောကစား၍ ပြန်လာစဉ် သစ်ပင်ထက်၌ သိန်းမတယောက် ကိုမြင်လေသော်
အလို...... ကောင်းမြင်း ငါးဖြာနဲ့ ပြည့်စုံတဲ့ အျပါတကား...
ဟဲ့ - မင်းချင်း - မေးစမ်းဟဲ့၊
သစ်ပင်ပေါ် - ဘာထက် လုပ်နေတာလဲ ဗျ။
မင်းချင်းများက ဆူးခက်များ ဖယ်ရှားပြီး သစ်ပင်အောက်သို့ ကူညီ ချပေးပြီးသော်
သင့် ဖြစ်ပျက်ကုန်စင် - တင်လော
မှန်ပါ့ - ဘုရား
ဤသို့ဆို၍ ရွှေနန်းတော်သို့ ခေါ်သွားပြီး ခုစ်သက်လှသဖြင့် မိဖုရားကြီး မြှောက်လေ၏



တနေ့တွင် မိဖုရားကြီး နှင့်အတူ ဥယျာဉ် တော်သို့ ထွက်စဉ် မြို့အထွက်နားရောက်သော်
မိဖုရားကြီးသည် ကုရုဋ္ဌ မဆည်နိုင်ဘဲ ပြုံးမိလေသည်ကို ဘုရင်ကြီးစိတ်ညို့၍
ခစ်
အဘယ့်ကြောင့် ရယ်ရသနည်း
သဖန်းပင်ထွက်ဝယ်
ဘုရားနှစ်မကို ထားကာအောက်မှ ဆုံးခက်ကါထားခဲ့၍ ထွက်ဖြေးသော် သူ-လမ်းပြင်နေ သည်ကိုတွေ့၍-
ဘုရားနှစ်မ-ကဲ့သို့-ဘုန်းကျက်သရေရှိသူကို ကျွဲယောကျ်ားလည်း-မဆောင်နိုင်ရှာ....ဟုတွေး မိ၍-ရယ်မိ ကြောင်းပါ ဘုရား
ငါ-မယုံနိုင်။ သင်-လိမ်လည်၍ ပျောက်ထားခြင်းသာဖြစ်သည်။ အခြားယောကျ်ားတယောက်ကို မြင်၍ ရယ်ခြင်းသာ-မဟုတ်လော
ဟုဆို၍ သံလျက်ကို လှမ်းဆွဲမည်ပြုရာ
သနားခံတော်မူပါ ဘုရား.....
ပျောက်တင်ထား ချက်များ-ဟုတ် လောက်သည်--- မဟုတ်လောက် သည်ကို--- ပညာရှိ သုခမိန် များကို မေးတော် မူပါဦး ဘုရား
ထို့ကြောင့် သားတော်မဟောသဓကို ခေါ်ယူ မေးမြန်းတော်မူ၏။
...ကျွန်မိန်းမမြတ်ကို-ယောကျ်ားကစွန့်ပစ်သွား သည်ဟုဆိုသော စကားကို-သားတော် ယုံကြည်ပါသည်။ ဘုန်းမဲ့သောသူ သည်-ဘုန်းရှိသော သူနှင့် အတူ ဆက်ဆံ၍-မနေ နိုင်ကြောင်းပါ- ခမည်းတော် ဘုရား



မင်းကြီး သည် ထိုစကားကို ကြားသောအခါ
အမျက် တော် ပြေ သွားပြီး -
သားတော်သာ မလျှောက်တင်
လိုက်လျှင်.. ငါကိုယ်တော်
မိန်းမဖြတ်တယောက်
ဆုံးရတော့မလို —
သားတော် - တော်ပါ
ပေတယ်။ ရော့ -
ဆုတော်ငွေ
ထိုအခါမှ မိဖုရားကြီးသည် အားတက်
လာကာ ဘုရင်ကြီးထံ လျှောက်ထား၏။
ရွှေဘုန်းတော်ကြီးလှသော အရှင်မင်းကြီးဘုရား
မဟောသဓ သူခါးဆိုနိမ့်သည် - ပညာလည်းကြီး -
ဘုရား၏ မတော်၏ အသက်သခင် ကျေးဇူးရှင်
လည်းဖြစ်သော ကြောင့်....
မောင်တော်လေး
အရာထားခွင့်
ပေးသနား
တော်မူပါ
ဘုရား....
အိမ်း -
ထားစေ
ထိုအချိန်မှစ၍ စားကောင်းသောက်ဖွယ်
များကို အချိန်မရွေး အစစ်အဆေး အမေး
အမြန်းမရှိ ပေးပို့ပိုင်ခွင့် ရလေသည်။
ဘယ်ကလဲ
မိဖုရားကြီး
ဖွတ်လိုက်
တာပါ
ပြော်။
သွား
ထိုကဲ့သို့ ရွှေနန်းတော်တွင် အတိုင်ပင်ခံ
သားတော် အဖြစ်နေရင်းနှင့် အသက် - ၁၆ -
နှစ်ပြည့်လာသောအခါ..
မိဖုရားကြီးနှင့်ဘုရင်ကြီးတို့တိုင်ပင်ကြ၏။
သားတော် - အရွယ်ရောက်ပြီဖြစ်၍ ကညာတော်
ရှာပေးရဦးမည် -
မောင်တော်လေး
စိတ်တိုင်းကျ - ရှာသင့်
ကြောင်းပါဘုရား
သားတော်ကိုယ်တိုင်
ရှာယူခွင့်ပြုတော်
မူပါ - ခမည်းတော်
ဘုရား -
အိမ်း - ဟုတ်ပေသားပေါ့
ထို့ကြောင့် မဟောသဓ သည် မထင်မရှား
အပ်ချုပ်သမား အသွင်ဆောင် ကာ
ဖူးစာဖက် ရှာရန် ထွက်လာခဲ့လေသည်၊
အပ်ချုပ်သယ်
အပ်ချုပ်သယ်

# ဖလကြွားကျောက်ခဲ

ဦးပိုး ကြွားသား ဖောင်ကျောက်ခဲ
တံတွေး ပက်စက် မျှစ်ခနဲ ။
မလျှော်မကျင်း အမှိုက်စ
ပုဆိုးနား သည်နား ဘုပစ်ချ
ဝတီး ဝတ စကားသံ
ရပ်သူ ရွာသား နားမခံ
နိုင်ငံကြီးသား ဆိုမလား
မအေ တူတဲ့ သားဖလကြွား ။

ဗန်းမော်
ညိုမြ




ပုံပြင်
ညတည၌·သူခိုးတယောက်သည် အိမ်တအိမ်သို့ ခိုးရန်ကပ်စဉ်...
အိမ်စောင့်ခွေးသည် လူစိမ်းကို မြင်သည်နှင့် ဟိန်းဟောက်လေသည်။
သူခိုးသည် လူနိုးမည်စိုး၍ အသင့်ယူဆောင်လာသော အသဲတုံးနှင့် ခွေးအားချော့ မော့လေ၏။
ထိုအခါ ခွေးသည် စဉ်းစားရင်း
သစ္စာရှိ·ခွေးလိမ္မာ၏ ပုံပြင်သည် ငါတို့၏ခွေး များအား ဂုဏ် ရှိစေ၏..
သူခိုးလူဆိုးတို့၏ ဖြားယောင်းလာဘ်ထိုး မှုကို·ငါအလိုမရှိ
သူခိုးအား ဟိန်းမြဲ ဟိန်းနေလေသည်။


ထိုကြောင့်သူခိုးသည် စိတ်ပျက်လာကာ-သူယူလာသောအသဲတုံးကို သူဖါသာသူစားပြီး..
အရိုးများကိုစွန့်ပစ်လိုက်လေသည်။
ထိုအခါခွေးသည် အမှတ်မထင် ပြေးလာကာ...
!
အရိုးမြင်ကိုက်ချင်သော ခွေးအကျင့်ကြောင့်အရိုးများကိုအငမ်းမရ- ကိုက်လေတော့၏
သူခိုးလည်း-ယခုမှပင် သူ့အကြံအောင်ကာ...
ပစ္စည်းများကိုခိုးယူ ထွက်သွားပေသတည်း။

# ရွာသားနှင့်မြွေငယ်

ဆောင်းရာသီမှာ ဆီးနှင်းဖြာ
ချမ်းအေးလှတဲ့ တနေ့ခါ
မြွေတကောင်မှာ လယ်ကွက်ထဲ
အအေးဒဏ်ကြောင့် သေဘို့ဆဲ။

သနားဖွယ်ပင် မြွေ့ဖြစ်အင်
ရွာသားတယောက် သူတွေ့မြင်
အိမ်သို့လျှင် ဆောင်ယူသွား
မီးဖိုအေးမှာ ထွေးလို့ထား။

ထိုရောအခါ မြွေငယ်မှာ
အပူရှိန်ကြောင့် နွေးထွေးလာ
လူးကာလွန့်ကာ အားသစ်ရ
ပါးပြင်းထောင်၍ မာန်စောင်ကြွ။





မီးဖိုနားမှာ ထိုအခါ
ကလေးငယ်များ တေးဆိုကာ
ပျော်ရွှင်စွာ ဆော့ကစား
ထိုရွာသား၏ သမီးသား။

မာန်စောင်ကြွတဲ့ မြွေငယ်သည်
သူ့ကျေးဇူးကို မထောက်ပြီ
ကလေးများဆီ ချဉ်းကပ်သွား
ကိုက်မည်ခဲမည် ပြုသည်တကား။

ထိုရောအခါ ရွာသားမှာ
တုတ်ကိုဆွဲ၍ ပြေးလွှားကာ
ပြင်းထန်စွာ တချက်ထဲ
မြွေကိုရိုက်သတ် သူကျိန်ဆဲ။

ကျေးဇူးရှင် ကျေးဇူးရှင်
အသက်သခင် ကျေးဇူးရှင်
ကျေးဇူးရှင်ကို ရန်ပြု၍
ထိုမြွေငယ်မှာ ဒုက္ခတွေ့။

မင်းယုဝေ

# တေဇ
# ကဗျာ



## လမ်းလျှောက်ရအောင်

မြောက်ပြန်လေအေး ရိုက်ခတ်သွေး
သဇင်နှင်းသင်းပျံ့မွှေး။
မြူမြူဖွေးတဲ့ နှင်းဝတ်လွှာ
ကျဆင်း မစဲပါ။
ဒီဇင်ဘာ နံနက်ခင်း
လမ်းလျှောက်ပါစို့ သူငယ်ချင်း။
ရောဂါကင်းလို့ စိတ်ကြည်လင်
အားသစ် ပြည့်ဖြိုးဝင်။
ပျော်ရွှင်ရွှင် ပါဝင်နွှဲ
ပြည်သူ့ လမ်းလျှောက်ပွဲ။

တင်အောင်သွင်



## အားကစား

ငွေနှင်းမှုန်ရီ လာရာသီ
ဒီဇင်ဘာသို့ ရောက်ခဲ့ပြီ
တူတူညီညီ ဖော်အများ
စုပေါင်း အားကစား။
ဖွမ်းဘားရေကူး မျိုးစုံကျူး
ပြေးခုန်ပစ်သဲ ပါဝင်တယ်
ကစားမယ် လာကြမောင့်
ရှိ့များ ရွှင်ပျော်မှု့။

နန်းမွန်ရီ (ရန်ကင်း)

## လနတ်တော်

လမြတ်နတ်တော် သဇင်သင်း
မိဂသီ နက္ခတ် ထွန်းပဝင်း။
သီနှင်းကြွေကျ ဆောင်းအဝင်
မနေ့ ရာသီပင်
မြန်ပြည့်တခွင် ဆင်ယင်နွှဲ
စာပေ သဘင်ပွဲ။
လယ်တောထဲမှာ အားသစ်ဖြာ
စပါး ရင့်မှည့်ခါ
မုံ့ဆန်းလှော်ကာ လှူဒါန်
ကုသိုလ် ပြုတဲ့လ။

လက်ပံနီ



## သတင်းစာ

နေ့တိုင်းနေ့စဉ် အမြဲပင်
ဖြစ်ပျက် စုံစုံလင်
ကမ္ဘာတခွင် သိမှတ်ရေး
သူလျှင် ဖေါ်ပြပေး။
သိဥာဏ်ကြွယ်ရေး တိုကတွေ့
သူ့ကို ချစ်ကြပေ
ဝေငှဆင့်ပွား မြင်အကြား
မှတ်ကြ တို့အများ။

မောင်ဟန်တင့် (ပင်လယ်ဘူး)




ဝေဂရို့
သိမှတ်ဖွယ်ရာများ
မော်တော်ဆိုင်ကယ်ကိုမည်သူ...
စတင်တီထွင်
ခဲ့သနည်း...
ဂွတ်ထိုင်ဘာဘဲ
ဂျွဲ ဒိုင်းမလ
ပါကာဂျပ်ကျွန်း
မြောက်လုံးပြူး
သေနတ်ကိုမည်သူစတင်
တီထွင်ခဲ့သနည်း
ဒုံ့ဘာဘဲ
စမယ်ကိုး (လ်) ကိုလ်ထ
သာဓကပွယ်ဆုံးပါကျွန်း
၁၈၃၀ ခုနှစ်လောက်
ပထမဆုံးမော်တော်ကားကို
မည်သူစတင်
တီထွင်ခဲ့သနည်း
ဂွတ်ထိုင် ဒုံ့ဘာဘဲ
၁၈၈၅ ခုနှစ်လောက်
ပါကာဂျပ်ကျွန်းယ
ဂျွဲ ဒိုင်းကာလဘွတ်
အဖြေများကို
မှန်တယ်
ထင်
ဖော်
ညို
ပါ
ဟယ်လီကော်ပတာ
(ဂျိုက်ရိုစ်) ကို...
မည်သူစတင်တီထွင်
ခဲ့သနည်း
သသမ္ဘီဦး မှတ်ထိုင်ဘာဘဲ
၁၉၃၉ ခုနှစ်သူပြုပါကျွန်း
ရာဇဝင်ပြဿ
မောင်မျိုးပြန်
မောင်ညိုဘ

# တေဇ ရုပ်စုံ သတင်းလွှာ

## ပညာရည်ချွန်ဆု

၁၂-၁၀-၇၅။ ။ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမက (၁၀) တွင် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပခဲ့သည်။

## တေဇလူငယ်ဖွဲ့

၁၄-၁၀-၇၅။ ။မန္တလေးမြို့ နန်းရှေ့ အမက (၄) တွင် တေဇလူငယ်ဖွဲ့စည်းရေးနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးက တေဇလူငယ်များအား တာဝန်များပေးအပ်ခဲ့သည်။

## ရောဂါကာကွယ်

၁၆-၁၀-၇၅။ ။သုံးခွမြို့နယ်တွင် အနာကြီးရောဂါတိုက်ဖျက်ရေး အစီအစဉ်အရ သိုက်တူးကန်၊ ရဲခွဲ၊ ကံမြင့်ကျေးရွာများရှိ မူလတန်း ကျောင်းသား ကျောင်းသူများအား အနာကြီးရောဂါတိုက်ဖျက်ရေး ဝန်ထမ်းများက ဆေးစစ်ဆေးခဲ့ကြသည်။

## အာစရိယပူဇော်

၁၇-၁၀-၇၅။ ။ရန်ကုန်မြို့ ဗဟန်း အလက (၁) တွင် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပခဲ့သည်။ အလားတူပင်မန္တလေး အနောက်မြောက်မြို့နယ် အမက (၂၃) တွင်လည်း အာစရိယပူဇော်ပွဲကျင်းပခဲ့သည်။

## ကျန်းမာရေးစစ်

၁၇-၁၀-၇၅။ ။သီပေါမြို့ ကိုယ်ထူကိုယ်ထ မူလတန်းကြိုကျောင်းတွင် ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်နှင့်အဖွဲ့က ကလေးများ၏ ကျန်းမာရေးကို စစ်ဆေးခဲ့သည်။

## ဆီမီးပူဇော်

၁၈-၁၀-၇၅။ ။သီတင်းကျွတ်လပြည့်နေ့ အကြိုညတွင် မန္တလေးမြို့ပေါ်ရှိ မူလတန်းနှင့် မူလတန်းကြိုကျောင်းများမှ ကျောင်းသား ကျောင်းသူ ကလေးများက အာစရိယ ပူဇော်ကန်တော့ပွဲပြီး သည့်နောက် ကျောင်းကန်ဘုရားများသို့ သွားရောက်၍ ဝါကျွတ်ဆီမီး ပူဇော် ကန်တော့ခဲ့ကြသည်။

## အကပဒေသာ

၁၈-၁၀-၇၅။ ။ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် နေ့ကလေးထိန်းဌာနတွင် ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် ကပြဖျော်ဖြေခဲ့သည်။

## ဆုချီးမြှင့်

၂၂-၁၀-၇၅။ ။ပုသိမ်ကောလိပ်ကျောင်းဝင်း အတွင်းရှိ စံပြအမက (၆) နှစ်ပတ်လည် ပညာရည်ချွန်ဆုပေးပွဲတွင် ပညာရည်ချွန်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား မိဘဆရာအသင်းအမှုဆောင်အဖွဲ့က ဆုများချီးမြှင့်ခဲ့သည်။

## ပညာပေးဟောပြော

၂၇-၁၀-၇၅။ ။မန္တလေးမြို့ အောင်မြေသာဇံ ရပ် တိုက်တော် အမက တွင် ကျောင်းသား ကျောင်းသူများအား ဒါးတန်း ဒေသန္တရ ကျန်းမာရေးအဖွဲ့က ဝမ်းရောဂါကာကွယ်ရေး ပညာပေး ဟောပြောခဲ့ကြသည်။

## ဧည့်ခံဖျော်ဖြေ

၃၀-၁၀-၇၅။ ။ဇေယျဝတီမြို့ အမက (၂) ကျောင်းခန်းမတွင် ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူများက အကပဒေသာများ၊ မူလတန်း အထက်ဆင့်၊ အောက်ဆင့်၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ တေးဂီတအဖွဲ့များဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

## ဘောလုံးယှဉ်ပြိုင်


၁-၁၁-၇၅။ ။ရန်ကင်းမြို့နယ် လမ်းစဉ်လူငယ် စည်းရုံးရေးကော်မီတီက ကြီးမှူးကျင်းပသော မြို့နယ် လမ်းစဉ်လူငယ်စည်းရုံးရေး ကော်မီတီဥက္ကဋ္ဌဒိုင်းအတွက် တေဇလူငယ်များ ဘောလုံးပြိုင်ပွဲကို ကန်ဘဲ့ဆရာ အတတ်သင်ကျောင်း ဘောလုံးကွင်းတွင် ဖွင့်လှစ်ကျင်းပခဲ့၏။ ပြိုင်ပွဲတွင် အသင်းပေါင်း ၁၇-သင်း ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

## ကျောင်းသစ်ဖွင့်

၁-၁၁-၇၅။ ။ညောင်တုန်းမြို့နယ် အတွင်းရှိ ဝါးတန်းကျေးရွာ၊ လိပ်ပင်ကျေးရွာ၊ ချောင်းမကြီး ကျေးရွာ တမလိုကျေးရွာများရှိ တောင်သူလယ်သမား သားသမီးများအား ပညာသင်ကြားနိုင်ရေးအတွက် အစိုးရ မူလတန်းကျောင်းသစ် လေးကျောင်းကို ကိုးရုံ ဖွင့်လှစ်ခဲ့၏။


သင်ခန်းစာ
ကျောင်းပိတ်ရက်တရက်တွင်
ဟေ ၊ ဒို့မနက်ဖြန် တိရစ္ဆာန်ရုံသွားဖို့ သေချာ ပါသလားဟ
ဟာ ! စိုးဝင်းပါလား လာ လာ သွားဖြစ် တယ်ကွ ၊ ဒို့ တာဝန်တွေတောင် ခွဲပြီးပြီ
ပြောစမ်းပါဦးကွ ၊ ဘယ်သူတွေက ဘာတာဝန်တွေလဲ
ဒီလိုလေကွာ ချမ်းသာကသူ့အိမ်က သကြားလုံး လုပ်တော့ ဒို့ဟိုမှာစားဖို့သကြား လုံး တထုပ် ယူလာ ခဲ့ လိမ့်မယ်
စိုးပိုင်က ဒို့နေ့လယ်အနားယူ ရင်းကစားဖို့ ကျားကွက် ယူလာ လိမ့်မယ်။
ငါကမျောက်ကလေးတွေကျွေးဖို့ မြေပဲလှော်တထုပ်တာဝန်ယူတယ်
မင်းတာဝန်က ဒို့ဟိုမှာပျင်းရင်ဖတ်ဖို့ မင်းအိမ်မှာရှိတဲ့ကာတွန်းစာအုပ်တွေ အကုန်ယူလာခဲ့ဘို့ပဲ
ကြိုက်ပြီ


နင့်ရဲ့ ခရီးစရိတ်နဲ့ စားစရိတ် ရိတ်ရန်ပုံငွေ တစ်ယောက်နှစ်ကျပ်ကိုတော့ ဒီညနေ သိန်းတန်ကို အပြီးပေးကြ၊ သူက နင့်ရဲ့ကျန် ကျစရိတ်ကို ဖြည့်ပြီးတာဝန်ယူလိမ့်မယ်
ချိန်းဆိုထားသောနေ့တွင် ဝိရိယကောင်းသော သိန်းတန်တယောက်ထံ အစောကြီးထကာ လူလိုက်စုသည်။ ပြီးတော့
ဟေ့ကောင် စိုးပိုင် နင့်ဟိုမှာ ကစားဖို့ကျားကွက် မမေ့နဲ့နော်
အေးပါ ကွ
ချမ်းသာအိမ်တွင်
ဟေ့ကောင်! သကြားလုံးထုပ် သကြားလုံးထုပ် မေ့နေမယ်နော်
မမေ့ပါ ဘူးကွ
စံဖေ အိမ်ရောက်သော်
ဟေ့ကောင်! ပဲကြော်ထုပ် ပါရဲ့လား
ပါပါတယ်ကွ ဒီမှာ
စိုးဝင်းနှင့်လမ်း၌တွေ့သောအခါ
ဟေ့ကောင်! ကာတွန်း စာအုပ်တွေ ပါရဲ့လား
ပါ ပါတယ်ကွ
လူစုံသောအခါဝယ် ဂျွန်ရုံသို့ သုံးဘီးကား ငှား၍လာခဲ့ကြသည်။


တိရစ္ဆာန်ရုံသို့ရောက်သော်
ဦးလေးကြီး ဘယ်လောက်ကျလဲ ၊ မှိုက်! ဒီကွဲဘဲ ပိုက်ဆံအိတ် မေ့ကျန်ခဲ့ပြီ
ငါ့မှာ တကျပ်တော့ပါတယ်
ငါ့မှာငါးမတ်
ငါတော့ သုံးမတ်ပဲပါတယ်
ငါ့မှာ နှစ်ကျပ်ပါတယ်
ဦးလေးကြီး ! ပိုက်ဆံအိတ် မေ့ကျန်ခဲ့လို့ လေးကျပ်ပဲ ယူပါ
ကဲ ! ကျန်တဲ့တကျပ်နဲ့တော့ နို့တိရစ္ဆာန်ရုံထဲ ဝင်လို့မဖြစ်တော့ဘူး ၊ ဘတ်(စ်)ကား စီးဖို့ အိမ် ပြန်ကြဖို့ဘဲရှိတော့တယ်
ရန်ကုန် တိရစ္ဆာန်ဥယျာဉ်
အိမ်သို့အသီးသီး ပြန်ရောက်ကြသော် သိန်းတန်က ဖြစ်ကြောင်းကုန်စင် သူ့မေမေကို ပြောပြသည်။
× × × × × × × × × အဲ အဲ ဒီလိုနဲ့ ကျနော့်ကြောင့် အစီအစဉ်တွေ အကုန်လုံး ပျက်ခဲ့ရတယ်
အောင် ! ဒါဟာသားအတွက် သင်ခန်းစာပဲ သူများကိုမမေ့အောင် သတိပေးတတ်တဲ့ သူဟာကိုယ် ကိုယ်တိုင်လဲ မမေ့အောင် အစဉ်သတိရှိဖို့ လိုအပ်တယ်ဆိုတာ သား စွဲစွဲ မြဲမြဲ မှတ်ပေတော့ !
ပြီး



မြို့တော် သာယာ နို့ဝန်တာ
ညီညာ ဖျဖျ ကြိုးပမ်းကြ။



နောက်ဖေး လမ်းကြား
သန့်အောင်ထား
နို့များ တာဝန်ပါ။



ခြင် ယင် ကြွက် ချေး
ရှင်လင်းပေး
ရောဂါ ကင်းဝေးမည်။



ရေပုပ် ရေမြောင်း
မရှိ ကောင်း
စုပေါင်း သန့်ရှင်းကြ။

ကျန်းမာမှုသည် ပဓါန
သန့်ရှင်းမှုသည် ထာဝရ။






မြို့လမ်းကျောင်းဈေး သန့်ရှင်းရေး
စုပေါင်း လုပ်အားပေး။



တအိမ်ချင်း သန့်ရှင်းမှ
ရပ်ကွက် သန့်ရှင်းမည်၊
ရပ်ကွက် သန့်ရှင်းမှ
မြို့တော် သန့်ရှင်းမည်။



မြို့တော်အင်္ဂါ ညီညွတ်စွာ
သာယာ သန့်ရှင်း ရောက်ကြင်း။


မောင်ထွေးတာ ချယ်လှသုပ်ကြီးဆို ဖတ်နေတုန်း မှန်ချက် ကလေးဆိုရင်ဘဲ မောင်ခါးတို့ ရောက်လာကြပီးလော ......
ဟူဒို မေပါပါလား ပညာစမ်း ဦးမှာဘဲ
သာဂုဏ်ကြွာ သည်ချို ဂရုနဲ့ပါတယ်
ပါးနှင့်ဒုံ ရွှေမြင်ရှိ သိတော်သော့-
မောင်ခါးတို့ ထွက်သွားမှ မောင် ထွေးဟာ စိတ်ချ လက်ချ ဆွေလာ ဖတ်ရှုနေတာပေါ့ ..........
ဒီလိုလောရင် ..
ဒီဆိုခံ
ဒီလို ပေါက်
ဟဲဒီအချိန်မှာ မောင်ထွေးရဲ့ သူငယ်ချင်း မောင်နီ တို့ ရောက်လာကြတယ် ..
ဟူဒို စာအုပ်ကြီးနဲ့ ပါလား ကွ မောင်ထွေးရ
ငါဖွေလာ နေတာကွ-
ဟုတ်လား ၁ - မင်း ဘယ်နှစ် ရှယ်လောက် တက် ပီလဲ -
သာရည်ပါးသာရှည်း ပေါ့ ကွာ-
မြဲစမ်းပါဦး ကွ-
ဒီမှာကြည့်
ဒီဆိုခံ


တယ် ငြိုင်ပါလား မောင်ထွေးရ
ငါတော့ အားကျလာပြီကွာ
ငါလဲ တကယ်ချင်တယ် ကွာ-ငါတို့ကို သင်ပေးပါ လားကွာ-
ငါ့သင်ပေးရတာ မခက်ပါဘူးကွာ
ရက်တော်တော်ကြာတော့ တနေ့မှာ မောင်ထွေးဟာ ကစားသို့ ထွက်လာခဲ့တယ်-------
အဲဒါ မင်းလဲ လာပြီးတော့ လှောင်ချင်ပေါ့ကွ မောင်ထွေးရ-
ငါကလှောင်ချင်လို့ ပြောပါဘူးကွာ
အဲဒီအခါ အမြဲတမ်း ရန်စလေ့ရှိတဲ့ လမ်းမှာ ဆုံပါလေရော.....
ဟော!



ဟေ့ကောင် မောင်အိုး မင်းက သူငယ်ချင်းချင်း ဒီလို မလုပ်ပါနဲ့ကွ
ဟော - မောင်နီ ပါလား
လာမြန်ပြီလား တယောက်-
မင်းနဲ့ဘာဆိုင်လို့ ဝင်ရှုပ်တာလဲ
ရှုပ်တာတော့ မဟုတ်ပါဘူးကွာ - သူငယ်ချင်းချင်းတွေဘဲ - ဒီကြောင့် မဖြစ်သင့်တာ မဖြစ်အောင် တားတာပါ-
တော်တော် ဆရာ လုပ်ချင်တဲ့ကောင်
မင်းက စာအုပ်ဖတ်ပြီး ဒီလို လက်တွေ့ မဖျောင်းဖျတော့ လက်တွေ့ဖြစ်တဲ့အခါ ဘာမှ မလုပ်တတ်တော့ဘူးပေါ့-
လက်တွေ့ဖျောင်းဖျ ချင်လို့တယ်ဆိုတာ သဘောပေါက်ပါ ပြီကွာ-


သားရွေခဲ
ပုံ:ပုံရေး
မောင်စိုးသင်း
သရုပ်ဖော်







ဒေါ်ဝါမွှင့်ဟာ မျက်စိ မှုန်လို့
မျက်မှန်ထူထူကြီးကို တပ်
ထားရတယ်။ ဒေါ်ဝါမွှင့်မှာ
သားသမီး မရှိဘူး။ အဖော်
လဲ မရှိဘူး...။ ဒါပေမယ့်...
သူ့ အသက်လောက်ချစ်တဲ့
"သီးရွှေခဲ" လို့ အမည်ရှိတဲ့
ကြက်တူရွေးတကောင်
တော့ ရှိတယ်။ စကားတတ်
ပြီး သိပ်လိမ္မာတာဘဲ။





ဒေါ်ဝါမှုန့် သင်ပေးထား..သို့ ဆုံးမစာတွေ၊ သီချင်းလှလှလေးတွေကို သီဆိုနိုင်တယ်။...
တယောက်ကြား တယောက်နားမှာ မပါးရအောင် သတိဆောင်၍ မောင်တို့ဆိုပါလေ...
အိမ်နီးနားချင်းတွေက...
ရွှေခဲ ဆုံးမစာဆိုတာ အတုယူကြနော်
ဟုတ်ကဲ့မေမေ
အာဟမ်း
ခလေးတွေဟာ ကျောင်းသွား ကျောင်းပြန် ရွှေခဲ ဘာရွတ်ဆိုတယ် ဆိုတာဝင်ပြီးနားထောင်ကြတယ်
ဟေ့..ရွှေခဲ..ဟိုနေ့က ဆိုတဲ့ကျင့်ဝတ်ငါးပါး ဆိုပြပါအုံး
သီချင်း ဆိုပါကွ
ရွှေခဲက သိပ် လိမ္မာတာ
သီချင်းလဲ အဆိုကောင်း
ဆုံးမစာ တွေရတယ်
ဒီလိုနဲ့ဘဲ သားရွှေခဲကို တရွာလုံးက ချစ်ကြ ခင်ကြတယ်၊ ရွှေခဲအကြောင်းဘဲပြောနေကြတယ်



မနက်ခင်းဆို သစ်သီးဝလံနဲ့ ဧကြည် အားဆေး တိုက်ကျွေးတယ်။ ပြီး...
နံ့သာရေနဲ့ ရေချိုးပေးတယ်။ တကိုယ်လုံး ပေါက်ပ ဖအောင် နံ့သာဆီနဲ့ လိမ်းသုတ်ပေးတယ်။
ရွှေခဲရဲ့ လှောင်အိမ်ဟာ အလှဆုံး အခန့်ညားဆုံး မြလုပ်ထားတယ်
ဒါပေမယ့် ရွှေခဲ့ကို လှောင်အိမ် ထဲမှာ လှောင် မထားဘဲ အိမ် ထဲမှာ လွှတ်ထား တယ်.
လိမ္မာတဲ့ ရွှေခဲက အဝေးကိုပဲ မပြေးပါဘူး
ရွှေခဲသီချင်းဆိုတဲ့ အခါကြရင်...
♫ ယွန်းလှခွဲ ဆန်းနု ပန်းစုံညီ.. နေချည်လင်းမြ ဝင်းပတွေ့သော... ♫
တယ်ကောင်းတဲ့ သီချင်းပါလား
အဆွဲ အငင် နဲ့ဆိုတာတော့
ဟုတ်ဗျား


ဒါကို ငှက်ဆိုးတကောင်က မနာလိုဖြစ်တယ်
သိကြရော ပေါ့
တနေ့ဒီကို ရောက်ရစေ့မယ်
အရှင့်အား မာလာမြိုင်မှ ပန်းများ ဆက် သပါသည်
တနေ့ဒေါ်ဝါမွှေးမရှိတုန်း ငှက်ဆိုးဟာ ပန်းစည်း တစည်းနဲ့ သားရွှေခဲဆီရောက်လာတယ်။
အို.. ဧည့်သည်ငှက်ကြီး သင့်စကားကို ကျွန်ုပ် နားမလည်ပါဘူး..
မှန်ပါ မာလာမြိုင် တတောလုံးက အရှင့်အား...
ဘုရင်မြှောက်ရန် လိုလားသည့်အတွက် တမန်တော် အဖြစ် ကျွန်တော်မျိုး လာခဲ့ ခြင်းဖြစ်ပါသည်
ကျွန်ုပ် မိခင် အမေယ်အို နှင့်နေရသည့်အတွက် ဘယ် နေရာမှ မပျော်နိုင် ပါဘူး
ညီတော်...
ဘယ်လိုမှ သွေးဆောင်မရလို့ပြန်ခဲ့ရတယ်
တွေ့ကြ သေးတာပ


ငှက်ဆိုးဟာ အာခေယ်ဒဉ်မရှိတိုင်းလာပြီး ဒွေးဆော်တယ်
အရှင် မင်းမြတ်...
မာလာဖြိုင် တတောလုံးက အရှင့်အားမျှော် နေကြပါသည်
အရှင်မလာလို့ ငှက် ပျိုမလေး အကောင်တရာ အူတိုက်ကိုယ်အူတို သတ် သေသွားကြပါပြီဘုရား
ဒီလိုနဲ့ ရွှေခဲဟာ စိတ်ပါလာတယ်။
ကောင်းပြီလေ မာလာဖြိုင်တော ကို ကျွန်ုပ်သွား ပါတော့မယ်
ကောင်းလှပါ့ အရှင်...
ညအခါ
ဒေါ်ဝါမှုန် အိပ်တော့ ရွှေခဲဟာ စာပွဲပေါ် ချွတ် ထားတဲ့မျက်မှန်ကို အသာကလေး ယူပြီးတော့...
ရွှေခဲဟာ ဒေါ်ဝါမှုန်က ဘုရားကိုမသိ သိမ့်ဖြစ်အောင် မျက်မှန်ကို အိမ်ပေါ်က က ပစ်ချလိုက်တယ်
ပြီး မာလာဖြိုင်တော အုပ်ချုပ် ခဲ့ကို ပျံသန်းသွားတယ်
အိမ်ထဲဝင် အူနေရာကို ငါယူရမယ်


မနက်လင်းတော့..
ငါ့မျက်မှန်လဲ မရှိတော့ပါလား
သားရေ.. ရွှေခဲရေ အမေ့ မျက်မှန် ရှာပေးပါအုံးကွဲ့ ရွှေခဲရေ...
ငှက်ခိုးက ရွှေခဲယောင်ဆောင်ပြီးထူးတယ်
ခင်ညာ.. ခင်ညာ..
ဒေါ်ပါပွင့်ကတော့ ရွှေခဲလေးအသံ ကြားနေတယ်ထင်ပြီး သံသယမဖြစ်ဘူးကွဲ့.... ဒါနဲ့...
သားရေ.. ဝဝအောင် စားကွဲ့
ငှက်ခိုးဟာ ဘာအကူအညီမှမပေးဘူး။ ဒေါ်ပါပွင့်ခမျာ စမ်းတဝါးဝါးနဲ့လျှောက်သွားနေရလို့ မကြာခဏချော်လဲရတယ်။
အို.. ငှက်အပေါင်းတို့ သင်တို့၏ဘုရင်မင်းမြတ်.. ရောက်ရှိနေပြီ
သားရတိရွှန်ပေါ်တဲ့တောကို ငှက်ခိုးက ညွှန်လိုက်တာ ရွှေခဲခမျာမသိရှာဘူးပေါ့။


ဒါပေမယ့် ဘယ်ငှက်ရဲ့ကြိုဆိုသံကိုမှ
မကြားရဘူး။ တောတောလုံးဟာ
ငြိမ်သက်တိတ်ဆိတ်နေသတဲ့။
"ရွှေနှင်းဆီ.. ထွက်ကြည့်ပျံသန်း
လာခဲ့ပါဦး"
ဒီတော့ ရွှေခိက ဒုဒုသံကြားကြရအောင်ထပ်ပြီး
အော်တယ်။ သီချင်းတွေ ခုံးမဏ်တွေဆိုတာညံလို့ဘဲ။
မနီးမဝေးမှာ အိပ်ငိုက်နေတဲ့ကျားကြီးဟာ
လန့်နိုးပြီးစိတ်ဆိုးဆိုးနဲ့တအားဟိန်းတယ်
ရွှေခိလဲ လန့်ပြီး ထွက်ပြေး ပျံသန်းခဲ့
ရတယ်။ ဒုဒု ခမျာ ဘယ်နေရာနားရပ်
မယ်ဆိုတာမသိဘဲတဝဲဝဲလယ်လယ်ပေါ့..။
ဒီအချိန်မှာ
အိမ်မှာငှက်ဆိုးကတော့
သောင်းကျန်း
နေတာပေါ့
တယ်မိုက်ပါလား
ငါ့သားရွှေခိ ဘယ်လို
မိုက်ဆိုက်ဝင် သွားပါလိမ့်


ရွှေခိုချောမတော့် နားနေရာ မရှာသေးဘူး
ဝူး
မျှော်ရတာလဲ မော
လှပါဘီ.. မြော..
ဟိုအရပ်ပေါ်
နားမှ..
တောထဲမှာ နား
စရာ ရှာမတွေ့ဘူး
ဟော..
ရေထဲက
သစ်တုံးပေါ်
နားမယ်
အား..
ဘာကောင်ကြီးလဲ


နောက်ဆုံးတော့ သစ်ခေါင်းတခုကို တွေ့ရတော့ နားနေဘို့ ပျံလာခဲ့တယ်
တွေ့ပြီ
ဒုက္ခ ဒုက္ခ
ငှက်ကလေး နားနားမယ်လို့ ရှာပါပြီ။ ဒါပေမယ့် အုဒုံများ ထိတ်လန့်နေခဲ့တာဖြစ်ပါတယ်။
နေ့လယ်က ကြားခဲ့ရတဲ့ ဆင်ရိုင်းကြီး တွေအော်သံ ဟာလဲ ခုထိ နားထဲမှာ စွဲနေတယ်
ခက်တာက ငှက်ငယ်နားနေတဲ့ သစ်ခေါင်းဟာ မြွေကြီးနေတဲ့နေရာဘဲ။ ငှက်ငယ်အိပ်နေတုန်း မြွေကြီးဟာ သစ်ခေါင်းဆီပြန်လာတယ်။
အစာက အသင့် ရောက်နေ ပါကလား
ဒီအချိန်မှာ မုဆိုးတယောက်ရဲ့ မြှားချက်ဟာ မြွေကို ထိုးဝင်လို့ မြွေကြီး သေဆုံးသွားတော့တယ်။


ရွှေခိုလေးဟာ မြွေကြီး လက်ကလွတ် မြောက်သွားပါတယ်။ ဒါပေမယ့် သူ့ ခမျာ နာကျင်လို့ မပျံနိုင်ရှာဘူး။ ရွှေခိုလေး ခမျာ သူ့ အဖြစ်နဲ့ သူ ခိုပြီး ငိုရှာတယ်။
ဟော
မသေသေးဘူးဟ ငါ့ သားလေးဖို့ ယူသွားရမယ်
ဒီလိုနဲ့ ရွှေခိုဟာ ရွာကို ရောက်လာတယ်
ဒီ ဒေါ်ဒါပွင့် ရဲ့ ရွှေခိုလေး ပေါ့
ဟုတ် လား
ဟုတ်ပါ့.. ဟုတ်ပါ့... တယောက်ကြား၊ တယောက်နားမှာ မခါးရအောင် သတိဆောင်ကြ...





ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်း ကော်ပိုရေးရှင်း မြဝတီပုံနှိပ်တိုက် (၁၈၄၊၃၂-လမ်း ရန်ကုန်) တွင် အယ်ဒီတာချုပ် ဦးဝင်းမောင် (ထုတ်ဝေသူမှတ်ပုံတင်အမှတ် ၀၁၃၆၄) က တာဝန်ခံထုတ်ဝေ၍၊ အထွေထွေမန်နေဂျာ ဦးခင်မောင်ထွန်း (ပုံနှိပ်သူမှတ်ပုံတင်အမှတ် ၀၁၈၈၂) က ပုံနှိပ်သည်။ စောင်ရေ ၆၀၀၀၀။






| ÷ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၂ | ၂ | ၄ | ၆ | ၈ | ၁၀ | ၁၂ | ၁၄ | ၁၆ | ၁၈ | ၂၀ |
| ၃ | ၃ | ၆ | ၉ | ၁၂ | ၁၅ | ၁၈ | ၂၁ | ၂၄ | ၂၇ | ၃၀ |
| ၄ | ၄ | ၈ | ၁၂ | ၁၆ | ၂၀ | ၂၄ | ၂၈ | ၃၂ | ၃၆ | ၄၀ |
| ၅ | ၅ | ၁၀ | ၁၅ | ၂၀ | ၂၅ | ၃၀ | ၃၅ | ၄၀ | ၄၅ | ၅၀ |
| ၆ | ၆ | ၁၂ | ၁၈ | ၂၄ | ၃၀ | ၃၆ | ၄၂ | ၄၈ | ၅၄ | ၆၀ |
| ၇ | ၇ | ၁၄ | ၂၁ | ၂၈ | ၃၅ | ၄၂ | ၄၉ | ၅၆ | ၆၃ | ၇၀ |
| ၈ | ၈ | ၁၆ | ၂၄ | ၃၂ | ၄၀ | ၄၈ | ၅၆ | ၆၄ | ၇၂ | ၈၀ |
| ၉ | ၉ | ၁၈ | ၂၇ | ၃၆ | ၄၅ | ၅၄ | ၆၃ | ၇၂ | ၈၁ | ၉၀ |
| ၁၀ | ၁၀ | ၂၀ | ၃၀ | ၄၀ | ၅၀ | ၆၀ | ၇၀ | ၈၀ | ၉၀ | ၁၀၀ |







အထက်မှာဖော်ပြထားတဲ့ ဇယားကတော့ တေဇတို့တွေ စက္ကန့်ပိုင်းအတွင်း မြှောက်လို့စားလို့ ရနိုင်တဲ့ ဇယားလေးပေါ့ကွယ်၊ လုပ်နည်းကိုင်နည်း ကတော့ တဖက်မှာဖော်ပြခဲ့တဲ့ ပေါင်းနည်းနုတ်နည်း အတိုင်းပါပဲ။ ဥပမာပေးထားတဲ့ မြှောက်နည်းပုံနဲ့ စားနည်းပုံကို ကြည့်ရင် တေဇတို့တွေ နားလည်နိုင်ပါတယ်။



ဥပမာ- ၃×၅ = ၁၅



ဥပမာ- ၄၀÷၈=၅


စာဆိုတော်ကြီး
ဦးပုည
သဇင်နှင်းခ သင်းကြူဖွာ
နတ်တော်ဆန်း ၈ ချမ်းမြူမြူ။
သည်လရောက်လျှင်၊ တပွဲဆင်
စာဆိုတော်များ ဦးတိုက်ကြောင်း။
စိတ်ကွင်းမှန်ဆ၊ ကန်တော့ကြ
စာဆိုတော်ကြီး ဦးပုည။
ဦးပုည၏ ငယ်နာမည်
စလေမြို့သား မောင်ပုက်စည်။
စလေမြို့
အောင်ရှိန်
ဦးပုည
စာဆိုတော်နေ့ဟောပြောပွဲ
ရှင်ယည်ဘွဲ့ရ၊ ရှင်ပုည
ရှင်လူထွက်တော့၊ ဦးပုည
စာဆိုတော်ကြီး ဖြစ်လာရ။
သူရေးသမျှ စာပန်းလှာ
ပြည်သူများတွက် မြတ်ပညာ။
ဖတ်ကာ မှတ်ကာ သင်ပါရ
စာဆိုတော်များ ကျေးဇူးပါ။
ကျေးဇူးကြီးစွ၊ ပညာရှင်
တို့ ပြန်ရည်ရူး ရှိဦးတည်။
သဇင်သင်းစ နှင်းအုံပျ
စာဆိုတော်လ၊ ဖြစ်သောလ။
အတွဲ ၁၀ အမှတ် ၇
၁၉၇၅ ဒီဇင်ဘာလ
R497

Read more Shwe Thway Journals at




➜ Click below link ➜

[https://www.facebook.com/shwethwayjournal/](https://www.facebook.com/shwethwayjournal/)